ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## မရမ်းကျေးရွာအုပ်စု၊မရမ်းကျေးရွာ

၂၀၁၇ ခုနှစ် မိုးကောင်းမြို့နယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
မိုးကောင်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

## National Community Driven Development Project



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## မရမ်းကျေးရွာအုပ်စု၊မရမ်းကျေးရွာ

၂၀၁၇ ခုနှစ် မိုးကောင်းမြို့နယ်


# မရမ်းကျေးရွာ

# VDP Book

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၁ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၂ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၃ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၄-၅ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီ အတွက် သုံးသပ်ချက်များ<br><br>(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၇-၈ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၀ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၁-၁၃ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၄ |
| | (စ) ဗင်းပုံစံ | ၁၅-၁၆ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၇ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၈ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၁၉ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၀-၂၄ |
| ၈ | ကော်မတီဝင်များစာရင်း | ၂၅-၂၆ |
| ၉ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၇-၂၉ |
| ၁၀ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၃၀-၃၁ |
| ၁၁ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၂-၃၃ |
| ၁၂ | ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်း (ပုံစံ-၄) | ၃၄-၃၅ |
| ၁၃ | အစည်းအဝေးမှတ်တမ်းများ | ၃၆-၃၉ |
| ၁၄ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များ | ၄၀-၄၃ |

# မိုးကောင်းမြို့နယ်အတွင်းရှိ လမ်းများ
# အခြေပြမြေပုံ



မရမ်းကျေးရွာမြေပုံ



၃။ ကုမ်ဖုတွင် ပါဝင်သော ကျေးရွာများစာရင်း

မရုဖ်းကျေးရွာ၊ ကုမ်ဖု ၊ မရုဖ်းကျေးရွာ

၄။ ကျေးရွာအခြေခံ အချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)

မရုဖ်းကျေးရွာ

# မရမ်းကျေးရွာသမိုင်းကြောင်း

၁၉၁၆ ခုနှစ် မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာတွင် နေထိုင်သော ဦးလကျံုဂမ်သည် ရေလေ၊မြေသြဇာ ပိုကောင်းသော နယ်မြေသစ်တစ်ခုကို ထူထောင်မည်ဟု စိတ်ကူးရှိလျက် သူ၏မိတ်ဆွေများဖြစ်သော ဦးလောခွမ်ဂမ် ၊ဦးမရမ်လ ၊ဦးဆာရှောင်ဘာတို့ကို ဦးဆောင်လျက် မီးရထားသံလမ်းတစ်လျှောက် မိုးကောင်းချောင်းဘက်သို့ ရောက်လာပြီး ယခုလက်ရှိတည်ရှိဆဲ အမည်တွင်ဆဲဖြစ်သော ဖုန်ကီတောင်တွင် ရွက်ဖျင်တဲများထိုးလျက် အစပြု၍ နေထိုင်လာခဲ့ကြသည်။ ထိုနေရာတွင် ကျားအန္တရာယ်များနေသောကြောင့် ဦးလကျံုဂမ်သည် သူ၏ မိတ်ဆွေညီအစ်ကိုများကို တိုင်ပင်လျက် အခြားတစ်နေရာသို့ ပြောင်းခဲ့ကြသည်။

၁၉၂၈ ခုနှစ်တွင် မိုးကောင်းချောင်းနံဘေးသို့ ပြောင်းရွှေ့နေထိုင်ပြီး **'ကပ်လန်း'**ဟု အမည်ပေးလျက် စတင်နေထိုင်ခဲ့ကြသည်။ **' ကပ်လန်း'**ဟူသော ဝေါဟာရမှာ ဖိုင်းဂါးစကားဖြစ်သည်။ ထို**'ကပ်လန်း'**ကျေးရွာတွင် စတင်နေထိုင်သည့်ခုနှစ်မှာပင် သူ၏ညီအရင်းဖြစ်သော ဦးလကျံုနော် မိသားစုကိုခေါ်ယူလျက် အတူတကွ နေထိုင်လာခဲ့ကြသည်။ အိမ်ထောင်စုဦးရေလည်း ဆက်လက်တိုးလာခဲ့သည်။ ထို **'ကပ်လန်း'**ရွာသစ်တွင် အိမ်ထောင်စုဦးရေ (၁၀)ဦး ဖြစ်သည်။ လူဦးရေ မများပါသော်ငြားလည်း ခရစ်ယာန်ရွာ တစ်ခုဖြစ်စေလို၍ ဝါးဖြင့် ဘုရားကျောင်းတစ်ဆောင်ကို ဆောက်လုပ်လျက် ဘုရားသခင်အား ဂုဏ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်သည်။ မရမ်းနှစ်ခြင်း ခရစ်ယာန်အသင်းတော်ဟူလျက် ဤ **'ကပ်လန်း'**ရွာ စတင်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

၁၉၂၆ ခုနှစ်တွင် ဦးလကျံုဂမ်သည် သူတို့နေထိုင်သော **'ကပ်လန်း'** ရွာထက် ရေလေ၊ မြေဆီသြဇာ ပို၍ကောင်းသော နေရာသစ်တစ်ခုကို ဆက်လက်ရှာဖွေပြီး 'ကပ်လန်း'ရွာသစ်ဟု အမည်ပေးလျက် ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထို့ပြင် လူဦးရေတိုးပွားလာသည်နှင့်အမျှ အိမ်ထောင်စုဦးရေလည်းတိုးပွားလာခဲ့ပါသည်။

**'ကပ်လန်း'**ရွာ သူ/သားများသည်အခြားမြို့သို့သွားလျှင် နမ္မတီးထိ တောလမ်းကိုဖြတ်၍ နမ္မတီးဘူတာမှစီးရသည့်နည်းတူ အခြားတစ်နေရာမှ 'ကပ်လန်း'ရွာသို့လာလျှင်လည်း နမ္မတီး ဘူတာထိ ရထားစီး၍ တောလမ်းကိုဖြတ်ကာ ခြေလျှင်ဖြင့်လာရသည်မှာ အခက်အခဲတစ်ခုဖြစ်နေခဲ့သည်။ ထို့ကြောင့် အစိုးရများက မီးရထားဘူတာ ဖွင့်လှစ်ပေးရန် စီစဉ်လျက်ရှိသည်။

၁၉၃၁ ခုနှစ်တွင် ရွာထောင်မီးရထားတက်လာသည့်နေ့ယခု မရမ်းဘူတာတည်ရှိသော နေရာတွင် ' ဘုရင်တကာ့ဘုရင် 'ဆိုသည့် ကချင်တေးသွားကိုသည်ဆိုကာ ကချင်ရိုးရာဂုဏ်စုံကို ဂုဏ်ဆင်လျက် ပန်းစည်းများကမ်းပေး၊ပန်းကုံးများစွပ်ပေးခြင်းဖြင့် လက်ဆောင်များ ဆက်သပြီး မီးရထားဆိုက်ကပ်ရန်၊ ဘူတာရုံ ဖွင့်လှစ်ပေးရန် တောင်းဆိုခဲ့ကြသည်။

၁၉၃၂ ခုနှစ်တွင် ဦးလကျုံဂမ်သည် မီးရထားဘူတာ ဖွင့်လှစ်နိုင်ရန် '**ကပ်လန်း**' ကျေးရွာတွင် အိမ်ခြေ (၇)အိမ်ထောင်စု ကို ယခုလက်ရှိ တည်ရှိနေဆဲဖြစ်သော မရမ်းကျေးရွာသို့ပြောင်းရွှေ့နေထိုင်ရာမှ မရမ်းကျေးရွာ စတင်ဖြစ်ပေါ်လာရခြင်းဖြစ်သည်။

၁၉၃၃ ခုနှစ်တွင် အစိုးရများက မရမ်းဘူတာကို စတင်ဖွင့်လှစ်ပေးခဲ့ပြီး ရထားများလည်း ရပ်နားဆိုက်ကပ်ပေးပြီးဖြစ်သည်။ ရွာသူ/သားများ အားလုံးလည်း ခရီးသွားရာတွင် အဆင်ပြေချောမွေ့ခဲ့ကြသည်။

၁၉၃၇ ခုနှစ်တွင် ယခုတည်ရှိသော မရမ်းအစိုးရအထက်တန်းကျောင်း ယခင် အလယ်တန်းကျောင်းတွင် သွပ်မိုးပျဉ်ကာနှစ်ထပ်အဆောက်အဦ ဆောက်လုပ်လျက် အောက်ထပ်တွင် စတုတ္ထတန်းကို သင်ကြားရန် အခန်းပြုလုပ်လျက် အပေါ်ထပ်တွင် ဂတ်ပြုကိုးကွယ်ခြင်း အဆောင်အဖြစ် အသုံးပြုလျက်ရှိခဲ့သည်။

၁၉၄၂-၁၉၄၅ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ဖြစ်ပွားခဲ့ရာ '**ကပ်လန်း**'ရွာနှင့် '**မရမ်း**'ကျေးရွာသူ၊ ကျေးရွာသားများသည် ထွက်ပြေးတိမ်းရှောင်သွားပြီး အမေရိကန်များ ဝင်ရောက်လာချိန်တွင် တိုင်းပြည်ပြန်လည်အေးချမ်းသွားသည်။ထိုအချိန်တွင် ရွာကိုပြန်လည်ပြုပြင်၍ နေထိုင်ခဲ့ကြပါသည်။ဦးလကျုံဂမ် သည် ကောင်စီချုပ် ရာထူးဖြင့် မရမ်းကျေးရွာအတွင်းရှိ ရွာသူ/သားများကို စည်းလုံးညီညွတ်စွာနေထိုင်စေ၍ ဦးစီးဦးဆောင်တည်ထောင်ခဲ့သော ရွာလေးတစ်ရွာသည် ယခုအချိန်ထိ ဆက်လက်တည်တံ့နေသော မရမ်းကျေးရွာလေးဖြစ်ကြောင်း လေးစားစွာဖြင့်တင်ပြအပ်ပါသည်။

# လူမှုဆန်းစစ်ခြင်းကိရိယာများ

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | ကွဲပြားသောလူမှုစီးပွားရေး အမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသော အသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | အမျိုးသမီးများနှင့် အမျိုးသားများ ပိုင်ဆိုင်ပြီး ထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များ ကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြပြက္ခဒိန် | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | | | | ကျေးရွာအတွင်းနှင့်ပြင်ပရှိ အဖွဲ့အစည်းများ မည်ကဲ့သို့သော လုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |


(က) လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ



**လူမှုရေးနှင့်အရင်းအမြစ်မြေပုံသုံးသပ်ချက်**

မရမ်းကျေးရွာသည် မန္တလေးမြို့မှမြစ်ကြီးနားမြို့သို့ သွားသောလမ်းပေါ်တွင်တည်ရှိသော ရွာလေးတစ်ရွာဖြစ်ပါသည်။ မရမ်းကျေးရွာတွင် ကျေးရွာလူထုတို့သည် စည်းလုံးညီညွတ်စွာ ရပ်ရွာတွင်ကိစ္စရပ်များကိုဆောင်ရွက်လျက်ရှိပါသည်။ ကချင်လူမျိုးများအဓိကနေထိုင်၍ မြန်မာလူမျိုးအနည်းငယ်နေထိုင် ကြသည်။ အဓိကကိုးကွယ်မှုမှာ ခရစ်ယာန်ဘာသာဖြစ်၍ ဗုဒ္ဓဘာသာအနည်းငယ် ကိုးကွယ်ကြသည်။ ကျေးရွာတွင်း ဘာသာရေးအဆောက်အဦးအနေနှင့် ခရစ်ယာန်ဘုရားကျောင်းနှင့် ဘုန်းကြီးကျောင်းရှိပါသည်။ မရမ်းကျေးရွာရှိ ရွာသူ/ရွာသားများ၏ အဓိကအသက်မွေးဝမ်းကြောင်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းသာ ဖြစ်ပါသည်။ မရမ်းကျေးရွာတွင် နတ်ခမောက်သီးများကို စီးပွားဖြစ်စိုက်ပျိုးကြသည်။ နတ်ခမောက်သီးမှာ ရာသီပေါ်အသီးဖြစ်၍ စီးပွားရေးအတွက် တွက်ခြေကိုက်သောအပင်များဖြစ်ပါသည်။ မရမ်းကျေးရွာတွင် အမျိုးသားဦးဆောင်သော အိမ်ထောင်စု (၄၁၂) အိမ်ထောင်စုရှိ၍ အမျိုးသားဦးဆောင်သော အိမ်ထောင်စုများဖြစ်သောကြောင့် စားဝတ်နေရေးအဆင်ပြေကြပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၁၉၈) အိမ်ထောင်စုရှိ၍ ၎င်းတို့၏စားဝတ်နေရေးမှာ အလွန်ခက်ခဲလှပါသည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏ လုံးခြုံရေးမှုများမှာ ခက်ခဲမှုများရှိပါသည်။ မရမ်းကျေးရွာတွင် အိမ်ထောင်စု (၆၁၁) စုရှိ၍ လူဦးရေစုစုပေါင်း (၄၁၈၂) နေထိုင်ကြပါသည်။ မရမ်းကျေးရွာတွင် အ.ထ.က စာသင်ကျောင်းရှိပါသည်။ ကျန်းမာရေးအရ ဆေးပေးခန်းရှိပါသည်။ မရမ်းကျေးရွာတွင် ၆၅နှစ်အထက် သက်ကြီးရွယ်အို (၂၉၁) ရှိ၍ အဘိုး၊ အဘွားများအတွက်ကျန်မားရေး အလွယ်တကူကျန်းမာရေး ကုသမှုခံယူလိုရပါသည်။ မသန်းစွမ်းသူ (၆)ဦး ရှိပါသည်။ကျေးရွာ၏အရင်းအမြစ်ပြမြေပုံကို ဆွေးနွေးရာတွင် ကျား ၁၅ဦး မ၃၀ဦးပါဝင်ကာ စီးမံကိန်းတွင်ပါဝင်သော ကျား/မရေးရာနှင့်ကိုက်ညီလျက်ရှိပါသည်။ မရမ်းကျေးရွာသည် မိုးကောင်းမြို့နှင့် ( ၂၇ ) မိုင်ဝေးကွာသော်လည်း ကတ္တရာလမ်းဖြစ်ပါသည်။ ကျေးရွာတွင်လမ်းများမှာတော့ သဲကျောက်လမ်း များဖြစ်ပါသည်။

## (ခ) ဥစ္စာနေကြွယ်ဝမှုအဆင့် သတ်မှတ်ချက်




### ဥစ္စာနေကြွယ်ဝမှု အဆင့်သတ်မှတ်ချက်

မရမ်းကျေးရွာတွင် ဥစ္စာနေကြွယ်ဝမှုအဆင့် (၄)မျိုးခွဲခြားထားသတ်မှတ်ထားပါသည်။ ချမ်းသာအဆင့်၊ အသင်အတင့်အဆင့်၊ ဆင်းရဲအဆင့်၊ အလွန်ဆင်းရဲသောအဆင့်များ ဖြစ်ကြပါသည်။ ချမ်းသာအဆင့်တွင် တိုက်၊ ကား၊ ကျွဲ၊ နွား၊ ခြံမြေပိုင်၊ ဆန်စက်များကို ပိုင်ဆိုင်ထားပြီး အိမ်ထောင်စု ၅၀အရေအတွက်ပါဝင်ကာ ၈.၃%ရှိပါသည်။ အသင်အတင့်အဆင့်တွင် ပျဉ်ခင်းထရံကာ၊ ကျွဲ၊ နွား၊ ခြံမြေ၊ လယ်ယာ၊ လယ်ထွန်းစက်၊ အိမ်ဆိုင်၊ ဆိုင်ကယ်၊ သုံးဘီး၊ ထော်လာဂျီများကို ပိုင်ဆိုင်ထားကြပါသည်။ အိမ်ထောင်စု ၂၀၀အိမ်ထောင်စုရှိပြီး ကျေးရွာလူဦးရေး၏ ၃၃.၄%ရှိပါသည်။ ဆင်းရဲသောအဆင့်တွင် ဝါးအိမ်လေးဖြင့်သာ နေထိုင်ပြီး၊ ကြုံရာကျပန်း အလုပ်များကိုသာ လုပ်ကိုင်ကြ၍စားဝတ်နေရေး ခက်ခဲလှပါသည်။ အိမ်ထောင်စု ၃၀၀အိမ်ထောင်စုရှိ၍ ရာခိုင်နှုန်းအနေဖြင့် ဖော်ပြရာတွင် ၅၀.၀%ပါဝင်ကာ ကျေးရွာရှိလူဦးရေးအများစု မှာဆင်းရဲသောအုပ်စုတွင် ပါဝင်နေသည်ကို တွေ့ရပါသည်။ အလွန်ဆင်းရဲသောအဆင့်တွင် အိမ်ခြေမြေမရှိ၍ အိမ်ငှားနေကြရကာကျပန်းအလုပ် များကိုသာ လုပ်ကိုင်စားသောက်ရပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ - ဦးဆင်ဂါး

(ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း




**ပိုင်ဆိုင်မှုသုံးသပ်ခြင်းပြ ဇယားသုံးသပ်ချက်**


အရင်းအမြစ်အပေါ်သုံးစွဲမှုတွင် အမျိုးသားများကဘောလုံးကွင်း၊ နွား၊ ကျွဲ၊ ကား၊ ဆိုင်ကယ်၊ လယ်ယာ စသည့်တို့ကိုအမျိုးသားများက သုံးစွဲကြပါသည်။ အမျိုးသမီးများက အပ်ချုပ်စက်၊ ဆိုင်ကယ်၊ လမ်း၊ စသည့်တို့ကိုသာ သုံးစွဲကြပါသည်။ ကျေးရွာရှိအရင်းအမြစ်များကို အမျိုးသား/အမျိုးသမီး တန်းတူညီမျှသုံးစွဲသည့်ကိုတွေ့ရှိရပါသည်။ ၎င်းတို့မှာ ဆေးရုံ၊ ကျောင်း၊ လမ်း၊ လယ်ယာ၊ ဆိုင်ကယ်စသည့်တို့ကို ကျား/မတန်းတူညီမျှသုံးစွဲကြပါသည်။ အမျိုးသားများသည် ကာယလုပ်သားများဖြစ် ကြောင့် ကျေးရွာ၏အရင်းအမြစ်များကိုအမျိုးသားများကသာ အများဆုံးသုံးစွဲကြသည်ကိုရှိရပါသည်။

အရင်းအမြစ်များကိုထိန်းချုပ်ရာတွင် အမျိုးသားများက ဆိုင်ကယ်၊ ကားများကိုထိန်ချုပ်ထားပြီး အပ်ချုပ်စက်ကိုသာ အမျိုးသမီးများကထိန်ချုပ်ရပါသည်။ ဆေးရုံ၊ ကျောင်း၊ လမ်း၊ လယ်ယာ၊ ဘောလုံးကွင်း၊ နွား၊ ကျွဲများကိုတော့ အမျိုးသား/အမျိုးသမီးနှစ်ဦးလုံး တန်းတူသုံးစွဲရပါသည်။

ပံ့ပိုးကူညီသူ - ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ -ဒေါ်လှအောင်

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း




**ဦးဆောင်နိုင်မှု**

မရမ်းကျေးရွာတွင် အမျိုးသားများက ၈၀%ဦးဆောင်နိုင်ပြီး အမျိုးသားများသည့်ခွန်းဗလကြီးသော်ကြောင့် ရပ်ရွာ၏ကိစ္စရပ်များကိုအများဆုံး လုပ်ဆောင်ကြသည်။ အမျိုးသမီးများက ၇၀%ဦးဆောင်နိုင်ကာ အမျိုးသမီးများသည့် အိမ်မှုကိစ္စများသာလုပ်ကိုင်နေရ၍ ကျေးရွာ၏ဖွံ့ဖြိုးရေးကိစ္စရပ်များကို ဆောင်ရွက်မှုအားနည်းကြပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများကြောင့်သော်လည်းကောင်း၊ ဓလေ့ထုံးတမ်းများကြောင့်လည်းကောင်း ရပ်ရွာ၏ကိစ္စရပ်များ၊ ကျေးရွာ၏ဖွံ့ဖြိုးရေးတိုးတက်ရေးတို့တွင် ဦးဆောင်ရာတွင်ရှက်ကြောက်နေတတ်ကြသည်။

**အဖွဲ့အစည်းများတွင် ပါဝင်နိုင်မှု**

မရမ်းကျေးရွာတွင် အဖွဲ့အစည်းများစွာရှိသည့်အထဲတွင် အမျိုးသမီးများ၏ပါဝင်နိုင်မှု အလွန်အားနည်းနေကြောင်းတွေ့ရပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စများစွာကိုသာလုပ်ကိုင်နေရပြီး အဖွဲ့အစည်းများကဘာတွေ ဆောင်ရွက်နေတာကိုမသိနိုင်သောကြောင့် ထိုအဖွဲ့အစည်းများစွာဆောင်ရွက်မှု တွင် ပါဝင်ရမှာကိုမိမိကိုယ်ကိုရှက်ရွံ့အားငယ်လာကြသည့်ကို တွေ့ရှိရပါသည်။ အမျိုးသားများသည် ရပ်ရွာ၏ကိစ္စရပ်များကို ၎င်းတို့ကသာပါဝင်လိုပြီး အမျိုးသမီးများကို နေရာမပေးချင်ကြပေ။

**ဝင်ငွေရရှိမှု**

အမျိုးသားများက ကျေးရွာ၏အရင်းအမြစ်များကို အများဆုံးထိန်းချုပ်ထားသောကြောင့် ဝင်ငွေရရှိမှုတွင် အမျိုးသားများက အများဆုံးရရှိပါသည်။ အမျိုးသမီးများ အိမ်မှုကိစ္စများကိုသာဆောင်ရွက်နေရသောကြောင့် မိသားစုဝင်ငွေရရှိရန်မဆောင်ရွက်နိုင်ပေ။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများလည်းရှိ၍ ၎င်းတို့၏ဝင်ငွေမှာ အမျိုးသားများ၏ဝင်ငွေထက် လျော့နည်းပါသည်။ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု များ၏စားဝတ်နေရေး ခက်ခဲစွာရုန်းကန်နေရသောကြောင့် မိသားစုလုံခြုံမှုတွင်အားနည်းနေကြောင့် တွေ့ရှိရသည်။

**အိမ်တွင်းမှုလုပ်ငန်း**

အိမ်တွင်းမှုလုပ်ငန်းတွင် အမျိုးသမီးများက ၁၀၀%ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ အမျိုးသမီးများသည် ရှေးရိုးစွဲဓလေ့ထုံးတမ်းများကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးတိုးတက်ရေးများမဆောင်ရွက်ဘဲ အိမ်မှုကိစ္စများကိုသာဆောင်ရွက်နေရ၍ အိမ်တွင်းမှုတွင်အမျိုးသမီးများက အားသာဆုံးဖြစ်သည်။ အမျိုးသားများသည် အပြင်စီးပွားရေးကိုသာလုပ်ကိုင်နေရသောကြောင့် အိမ်တွင်းမှုကိစ္စရပ်များကိုး လုပ်ကိုင်ဆောင်ရွက်မှုအားနည်းလျက်ရှိပါသည်။

**လုံခြုံမှု**

လုံခြုံမှုတွင် အမျိုးသားများဦးဆောင်သောအိမ်ထောင်စုများက မိသားစု၏လုံခြုံရေးကောင်းမွန်စွာ ဆောင်ရွက်နိုင်သော်လည်း အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများ၏လုံခြုံမှုသည့် အားနည်းလျက် ရှိပါသည်။ ကျေးရွာ၏လုံခြုံမှုအတွက် ကျေးရွာတွင်းအဖွဲ့အစည်းများကို ဖွဲ့စည်းထားပြီး ထိုအဖွဲ့များတွင်အမျိုးသားများက ဦးဆောင်ကာကျေးရွာ၏လုံခြုံရေးအတွက် အစိုးရအဖွဲ့နှင့်ပူပေါင်းဆောင်ရွက် လျက်ရှိပါသည်။

**ပညာရေးလက်လှမ်းမှီမှု**

မရမ်းကျေးရွာတွင် အ.ထ.က စာသင်ကျောင်း၊ အ.မ.ကစာသင်ကျောင်း၊ မူကြိုကျောင်းများရှိပါသည်။ မရမ်းကျေးရွာ၏ ပညာရေးလက်လှမ်းမှီမှုတွင် အလွန်းအားကောင်းပါသည်။ ကလေးများအဝေးသို့ ကျောင်းတက်စရာမလို့ဘဲ ကျေးရွာတွင်းကျောင်းတက်ရ၍ ပညာရေးအတွက်အလွန်းအားကောင်းပါသည်။

**ကျန်းမာရေးလက်လှမ်းမှီမှု**

မရမ်းကျေးရွာတွင် ကျန်းမာရေးဌာနရှိပါသည်။ မရမ်းကျေးရွာတွင် မသန်စွမ်းသည်လူ ၆ဦးရှိ၍ ရှိပါသည်။ မရမ်းကျေးရွာတွင် ၆၅နှစ်အထက် ၂၉၀ဦးရှိပါသည်။ မရမ်းကျေးရွာရှိ သက်ရှိရွယ်အိုများ မသန်းစွမ်း သောလူနာများအတွက် ကျန်းမာရေးကုသမှုအတွက် ကျေးရွာတွင်ကျန်းမာရေးဌာနတစ်ခုရှိပါသည်။ အရေးပေါ်အခြေအနေတွင် မိုးကောင်းမြို့သို့လာရောက်ကုသရပါသည်။

**အလုပ်အကိုင်အခွင့်အလမ်းရရှိမှု**

ကျေးရွာရှိ လယ်သမား၊ ပန်ရံ၊ လျှပ်စစ်လုပ်သားများ ကျေးရွာတွင်နေထိုင်ကြပါသည်။ မရမ်းကျေးရွာသည် လယ်ယာစိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြ၍ လယ်ယာပြီးချိန် အခြားသို့သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။ တချို့အိမ်ထောင်စုများမှာ လယ်ယာမရှိသောကြောင့် အခြားမြို့များသို့သွာရောက်လုပ်ကိုင်လျက်ရှိပါသည်။ မရမ်းကျေးရွာတွင် အစိုးရဝန်းထမ်းများ ရှိပါသည်။

## (င) ရာသီခွင်ပြ ပြက္ခဒိန်သုံးသပ်ချက်




### ရာသီခွင်ပြ ပြက္ခဒိန်ဇယားသုံးသပ်ချက်

မရမ်းကျေးရွာသည် စိုက်ပျိုးရေးကိုသာအဓိက လုပ်ကိုင်၍ကျေးရွာရှိလူဦးရေအများစုမှာ လယ်ယာစိုက်ခြင်းနှင့်တောင်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ကဆုန်လများတွင်စပါးစိုက်ရန် အတွက်ပျိုးထောင်ကြ၍ နယုန်လများတွင်ပျိုးချကြသည်။ ဝါဆိုလနှင့် ဝါခေါင်းလများတွင် ကောက်စိုက်ကြသည်။ တော်သလင်းလများတွင် စပါးခင်းကြသည်။ တန်ဆောင်မုန်းလများတွင် စပါးရိတ်ကာ၊ နတ်တော်လများတွင် စပါးနယ်ကြသည်။ ပြာသို့လများတွင် စပါးသိမ်းကာ လယ်ယာစိုက်ပျိုးခြင်းလုပ်ငန်း ပြီးဆုံးခြင်းကာ တောင်သူများအတွက်ဝင်ငွေရရှိလာကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းကို အိမ်ထောင်စု ၁၀၀ရှိ၍ တစ်ရက်လျှင်ပျမ်းမျှဝင်ငွေ ၅၀၀၀ရရှိပါသည်။ တောင်ယာလုပ်ငန်းလုပ်ကိုင်သူများလည်းရှိ၍ တန်ခူးလများတွင် သီးနှံစိုက်ပျိုးရန်အတွက် မြေဩဇာများကိုမီးရှို့ကြသည်။ ကဆုန်လများတွင် တောင်ယာစိုက်ပျိုးရန်အတွက် တောင်ယာများကိုခုတ်သင်ရှင်းလင်းကြပါသည်။ နယုန်လတွင်တော့ တောင်ယာစတင်လုပ်ကိုင်ကာ ဝါခေါင်များတွင်တော့ အပင်များအားကောင်းစေရန် ပေါင်းရှင်းပေးခြင်းနှင့်အားဆေးများ ဖျန်းကာ တန်ဆောင်းမုန်းလများတွင် ရိတ်သိမ်းကြပါသည်။ တောင်ယာလုပ်ငန်းကို အိမ်ထောင်စု ၅၀၀လုပ်ကိုင်၍ တစ်ရက်လျှင်ပျမ်းမျှဝင်ငွေ ၆၀၀၀ရရှိကြပါသည်။ ကြက်၊ ဝက်၊ ဘဲ၊ နွားများကိုမွေးမြူကြပါသည်။ နေစားအလုပ်လုပ်ကိုင်သူများရှိကြ၍ ၎င်းတို့အတွက်စားဝတ်နေရေးခက်ခဲလှပါသည်။ ပွဲတော်များလည်းရှိ၍ ရာသီအလိုက်ပွဲတော်များကို ကျင်းပလျက်ရှိပါသည်။ ရာသီဥတုမှာ တန်းခူး၊ ကဆုန်၊ နယုန်လများ နေပူ၍ ဝါဆို၊ဝါခေါင်း၊တော်သလင်း၊သီတင်းကျွတ်များကို မိုးရာသီဖြစ်ပါသည်။ ကျန်၄လများမှာဆောင်းရာသီဖြစ်သည်။

(စ) ဗင်းပုံစံသုံးသပ်ခြင်း




မရမ်းကျေးရွာသည် အဖွဲ့အစည်းပေါင်းဆုံးရှိသော ရွာလေးတစ်ရွာဖြစ်သည့်အတွက် ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီဆောင်ရွက်ရန် အကောင်ဆုံးသောရွာလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင်ရှိဖွဲ့စည်းထားသောအဖွဲ့များမှာ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောက်ရှောက်ရေးအဖွဲ့၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ သမဝါယမအဖွဲ့၊ လူမှုကူညီရေအသင်း၊ ဆွတ်ပိုင်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ စုပေါင်းချမ်းသာအဖွဲ့၊ မေတ္တာအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ CFအဖွဲ့များကို ဖွဲ့စည်းထားပါသည်။ ကျေးရွာပြင်ပရှိအဖွဲ့အစည်းများမှာ လ.ဝ.ကအဖွဲ့၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ထွေအုပ်အဖွဲ့၊ သစ်တောအဖွဲ့၊ ရဲတပ်ဖွဲ့၊ N.G.Oအဖွဲ့၊ CDDအဖွဲ့များကို ဖွဲ့စည်းထားပါသည်။ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ အချိတ်အဆက်ညီညီဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင်းအဖွဲ့သည် ကျေးရွာ၏လိုအပ်ချက်အရ ဖွဲ့စည်းထားသောအဖွဲ့များဖြစ်၍ ရွာပြင်အဖွဲ့သည့်အစိုးရမှာ ကျေးရွာ၏လိုအပ်ချက်အတွက် ဖွဲ့ပေးထားသောအဖွဲ့ ဖြစ်သည်။

ပံ့ပိုးကူညီသူ -ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ -ဒေါ်ရွှယ်အောင်




**ဗင်းပုံစံသုံးသပ်ချက်**

မရမ်းကျေးရွာတွင် အဓိကအရေးကြီးသောအဖွဲ့မှာ အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ ကျေးရွာတွင်အဖွဲ့တွင် အုပ်ချုပ်ရေးအဖွဲ့၊ လူမှုကူညီရေးအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ကျောင်းကော်မတီဖွဲ့၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့၊ သမဝါယမအဖွဲ့၊ မီးသတ်အဖွဲ့၊ စုပေါင်းချမ်းသာရေးအဖွဲ့၊ မေတ္တာအဖွဲ့၊ ဆွတ်ပိုက်အဖွဲ့၊ CFအဖွဲ့များကို ကျေးရွာတွင်ဖွဲ့စည်းထားပါသည်။ စည်ပင်အဖွဲ့၊ လ.ဝ.ကအဖွဲ့၊ သစ်တောအဖွဲ့၊ ရဲတပ်အဖွဲ့၊ CDDအဖွဲ့များကို ရွာပြင်အဖွဲ့များဟူ၍ ဖွဲ့စည်းထားပါသည်။ N.G.Oကျန်းမာရေးအဖွဲ့လည်း ပူပေါင်းပါဝင်လျက်ရှိပါသည်။ မရမ်းကျေးရွာသည့် အဖွဲ့အစည်းပေါင်းဆုံး ပါဝင်သည့်အတွက်ကျေးရွာ၏ လုံခြုံရေး၊ ဖွံ့ဖြိုးရေးများကိုညီညွတ်စွာ ဆောင်ရွက်လျက်ရှိပါသည်။

ပံ့ပိုးကူညီသူ -ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ -ဒေါ်လုဂျာ

## (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲ

အမျိုးသမီး

| မရင်းကျေးရွာ | | | အမျိုးသမီး |
|---|---|---|---|
| စဉ် | ပြဿနာအခက်အခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
| ၁။ | လျှပ်စစ်မီးမီးမလုံလောက်၍ အခက်အခဲဖြစ်နေ | တစ်ရွာလုံး လျှပ်စစ်မီး လုံလောက်စွာရရှိရန် | လမ်းမီးတိုင် တိုးချဲ့ရေး |
| ၂။ | ရွာတွင်းလမ်း ရွှံ့ဗွက်ထူထပ်၍ မိုးရာသီတွင် သွားလာရခက်ခဲ | သွားလာရအဆင်ပြေစေရန် | ရွာတွင်း ကျောက်ချောလမ်း ခင်းရန် |
| ၃။ | ကျောင်းတက်မည့်ကလေးများ ... ခက်ခဲ | ကျောင်းဝင်းအတွင်း လုံခြုံမှုရှိစေရန် | ကျောင်းခြံစည်းရိုး (အုတ်တံတိုင်း) |
| ၄။ | ဈေးခြံစည်းရိုး မရှိသဖြင့် နေ့စဉ်အခက်အခဲဖြစ်နေ | ဈေး လုံခြုံမှုရှိစေရန် | ဈေးခြံစည်းရိုး (အုတ်တံတိုင်း) |
| ၅။ | တံတား ... ကြောင့် သွားလာရခက်ခဲ | သွားလာရေးအဆင်ပြေစေရန် | ကွန်ကရစ်တံတားပြန်ဆောက်ရန် |

အမျိုးသား/အမျိုးသမီး အခက်အခဲများ

အမျိုးသား

| မရင်းကျေးရွာ | | | အမျိုးသား |
|---|---|---|---|
| စဉ် | ပြဿနာအခက်အခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
| ၁။ | လျှပ်စစ်မီး မလုံလောက်၍ အခက်အခဲရှိ | တစ်ရွာလုံး မီးလင်းရန် | လမ်းမီးတိုင် တိုးချဲ့ရေး |
| ၂။ | ရွာတွင်းလမ်း ရွှံ့ဗွက်ထူ၍ သွားလာရေးခက်ခဲ | သွားလာရအဆင်ပြေစေရန် | ရွာတွင်းလမ်း (ကျောက်ချောလမ်း ခင်းရန်) |
| ၃။ | တံတား မခိုင်ခံ့၍ သွားလာရခက်ခဲ | လမ်းပန်းဆက်သွယ်ရေး အဆင်ပြေစေရန် | ကွန်ကရစ်တံတား ပြန်လည် ဆောက်လုပ်ရန် |
| ၄။ | ကျောင်းခြံစည်းရိုးမလုံ၍ ကလေးများအတွက် အန္တရာယ်ရှိ | ကျောင်းခြံစည်းရိုး လုံခြုံစေရန် ကျွဲ၊ နွား များမဝင်စေရန် | ကျောင်းခြံစည်းရိုး (အုတ်တံတိုင်း) |
| ၅။ | ကျောင်းမျက်နှာကျက် ပျက်စီး၍ ကလေးများ အန္တရာယ်ဖြစ်နိုင် | ကျောင်းသူ/သား များ လုံခြုံစွာ ပညာသင်ကြားနိုင်ရန် | ကျောင်းမျက်နှာကျက် ပြင်ဆင်တိုးချဲ့ရေး |

(ဆ) အမျိုးသား/အမျိုးသမီး အခက်အခဲ

မရမ်းကျေးရွာတွင် လျှပ်စစ်မီးအလုံးလောက်သောကြောင့် ကျေးရွာတွင်လျှပ်စစ်မီးအခက်အခဲများရှိနေပါသည်။ ရွာတွင်လမ်းမှာ ဟိုအရင်ကကျေးရွာ၏လုပ်အားပေးဖြင့် ပြုပြင်ထားသော်လည်း ယခုအခါဖုန်ထကာ မိုးတွင်းအခါရွာတွင်းလမ်းဗွက်ထကာ သွားလာရေးခက်ခဲနေခြင်း၊ မရမ်းကျေးရွာသည် အ.ထ.က စာသင်ကျောင်းရှိသောလည်း စာသင်ကျောင်းဝန်းမလုံသောကြောင့် ညအခါကျွဲ၊နွားများဝင်ရောက်သော ကြောင့် အခက်အခဲများရှိနေပါသည်။ မရမ်းကျေးရွာတွင် ဈေးခြံစည်းရိုးမရှိသောကြောင့် အခက်အခဲဖြစ်နေခြင်း၊ မရမ်းကျေးရွာရှိ အများသွားလာနေသောတံတားမှာ မိုးတွင်းကာလရေများလာအခါတွင် တံတားပျက်စီးသော ကြောင့် သွားလာရေးခက်ခဲမှုများရှိပါသည်။ ထိုပြင်စာသင်ကျောင်းရှိ မျက်နှာကျက်များပျက်စီးနေသောကြောင့် ကလေးများအတွက်အန္တရာယ်များရှိသည်ကို တွေ့ရှိရပါသည်။


အမျိုးသား/အမျိုးသမီး မျှော်မှန်းချက်

မရမ်းကျေးရွာတွင် လျှပ်စစ်မီးအလုံလောက်သောကြောင့် တစ်ရွာလုံးလျှပ်စစ်မီးလုံလောက်ရန်စွာ ရရှိရန်မျှော်မှန်းထားပါသည်။ မိုးတွင်ကာလတွင် ရွာတွင်းလမ်းများမှာဗွက်ထနေသောကြောင့် ရွာတွင်းလမ်းကောင်မွန်အောင် ဆောင်ရွက်ပေးရန်မျှော်မှန်းထားပါသည်။ မရမ်းကျေးရွာတွင် အများသွားလာနေသော ရွာတွင်းတံတားမှာ အန္တရာယ်များရှိသောကြောင့် တံတားရရှိရန်မျှော်မှန်းထားပါသည်။ ကျောင်းခြံစည်းရိုးမလုံသောကြောင့် ကျွဲ၊ နွား၊ များအန္တရာယ်ရှိသောကြောင့် ကျောင်းခြံစည်းရိုးရရှိရန် မျှော်မှန်းထားပါသည်။ ကျောင်းမျက်နှာကျက် ပျက်စီးသောကြောင့်ကလေးများအတွက် ဘေးကင်းလုံခြုံစွာ စာသင်ကြားနိုင်ရေးအတွက် မျက်နှာကျက်များရရှိရန် မျှော်မှန်းထားပါသည်။

ပံ့ပိုးကူညီသူ -ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ -ဦးမရစ်လုဂျာ

### (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်း



**ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းဇယား သုံးသပ်ချက်**

မရမ်းကျေးရွာသည် ပထမဦးစားပေးအနေဖြင့် လမ်းမီးတိုင်များကို ရွေးချယ်ထားပြီးလမ်းမီးရရှိရန် ကျား/မ ၁၆၀ဦးကို မဲအရေအတွက်ဖြင့် ရွေးချယ်ထားပါသည်။ ဒုတိယဦးစားပေးအနေဖြင့် ရွာတွင်းလမ်းကို ကျောက်ချောလမ်းရရှိရန်၊ မရမ်းကျေးရွာရှိ ကလေးများဆယ်တန်းဖြေဆိုရာတွင် အခက်အခဲများရှိသောကြောင့် စာစစ်ဌာနရရှိရန်၊ စာသင်ကျောင်းတွင် ဆရာ/ဆရာမများမလုံလောက်သောကြောင့် ဆရာ/ဆရာမများရရှိရန်၊ ကျန်းမာရေးဝန်ထမ်းရရှိရန်၊ ကျောင်းခြံစည်းရိုးမလုံသောကြောင့် ကျောင်းခြံစည်းရိုးကို အုပ်တံတိုင်းဖြင့်ရရှိရန် ကျား/မ ၂၈၇ဦးရေးက ရွေးချယ်ထားပါသည်။ ကျေးရွာ၏လိုအပ်ချက်များကို ဦးစားပေးအစီအစဉ်ဖြစ် ရွာသူ/ရွာသားများက ရွေးချယ်ထားပါသည်။

ပံ့ပိုးကူညီသူ -ဒေါ်သီတာစိုး

ပါဝင်ဆွေးနွေးသူ -ဦးခလင်နော်ဂျာ

# မှတ်တမ်းဓါတ်ပုံများ

# ပထမအကြိမ်ကျေးရွာအစည်းဝေးကျင်းပခြင်း



မိုးကောင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ
မြို့နယ်ဦးစီးမှူးဦးနေသူရိန်စိန်လှမှ အဖွင့်အမှာစကားပြောကြားနေစဉ်



ဂယ်ယူရေးအရာရှိ ဦးဌေးလွင်မှ စီမံကိန်းနှင့်ပတ်သက်၍
ရှင်းလင်းပြောကြားနေစဉ်

# ကျေးရွာအစည်းအဝေးပြုလုပ်ခြင်းမှတ်တမ်း



# လျှို့ဝှက်မဲပေးခြင်း မှတ်တမ်း



# ကျေးရွာလူထုရွေးချယ်တင်မြှောက်ထားသော ကော်မတီဝင်များနှင့်စေတနာ့ဝန်ထမ်းများ



# တက်ရောက်လာသော မိဘပြည်သူများ



# မှတ်တမ်းစာအုပ်များနှင့်စီမံကိန်းလက်စွဲစာစောင်များ






# စ-ပုံစံများ

## ၈ [illegible]ျးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီဝင်[illegible]ာရင်း

ကျေးရွာအုပ်စု - မရမ်းအုပ်စု

ကျေးရွာ - မရမ်း

| စဉ် | အမည် | ရွာအမည် | ကော်မတီဝင် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးမရစ်နော်ဂျာ | မရမ်း | ကျေးရွာအုပ်စုကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | ၀၉-၄၇၃၁၄၈၂၁ |
| ၂ | ဒေါ်လုအောင် | ॥ | ကျေးရွာအုပ်စုကော်မတီဥက္ကဋ္ဌ | ဥက္ကဋ္ဌ | ၀၉-၂၅၈၆၄၂၂၁၈ |
| ၃ | ဦးခလင်ဂျာနော် | ॥ | ဘဏ္ဍာရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | ၀၉-၄၇၀၆၆၄၈၁ |
| ၄ | ဒေါ်ညိုညိုစန်း | ॥ | ဘဏ္ဍာရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ၀၉-၂၅၉၁၃၈၀၅၁ |
| ၅ | ဒေါ်လဘန်ရွှယ်နန် | ॥ | ဘဏ္ဍာရေးဆပ်ကော်မတီ | စာရင်းကိုင် | ၀၉-၇၈၀၂၈၇၂၀၀ |
| ၆ | ဦးကရိန်လဆိုင်း | ॥ | ကျေးရွာအုပ်စုကြံပြုဖြေရှင်းရေးကော်မတီ | ဥက္ကဋ္ဌ | - |
| ၇ | ဒေါ်ရွှယ်ဇင် | ॥ | ကျေးရွာအုပ်စုကြံပြုဖြေရှင်းရေးကော်မတီ | ဥက္ကဋ္ဌ | ၀၉-၇၈၄၈၂၇၇၈၆ |
| ၈ | ဦးလဂျီလတောင် | ॥ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေး | ဥက္ကဋ္ဌ | ၀၉-၂၅၉၆၀၉၉၇၄ |
| ၉ | ဒေါ်ကွန်ထပ်လုဂျာ | ॥ | လည်ပတ်ပြုပြင်ထိန်းသိမ်းရေး | ဥက္ကဋ္ဌ | ၀၉-၇၇၁၆၇၀၄၇၁ |
| ၁၀ | ဦးဆင်ဂါး | မရမ်း | ဝယ်ယူရေးဆပ်ကော်မတီ | ဥက္ကဋ္ဌ | ၀၉-၇၈၄၁၉၉၄၂၄ |
| ၁၁ | ဒေါ်ရွှယ်အောင် | ॥ | ဝယ်ယူရေးဆပ်ကော်မတီ | မှတ်တမ်းထိန်း | ၀၉-၂၅၀၇၂၁၂၆၀ |
| ၁၂ | ဒေါ်ဂျာရာ | ॥ | ဝယ်ယူရေးဆပ်ကော်မတီ | အဖွဲ့ဝင် | ၀၉-၄၀၀၀၄၅၂၈၈ |
| ၁၃ | ဦးယောဆက် | ॥ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ | ဥက္ကဋ္ဌ | ၀၉-၂၅၃၃၅၆၂၄၂ |
| ၁၄ | ဒေါ်မရစ်လုဂျာ | ॥ | စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ | ဥက္ကဋ္ဌ | - |

ကျေးရွာစေတနာ့ဝန်ထမ်းစာရင်း

| စဉ် | အမည် | ရွာအမည် | ကျေးရွာစီမံခန့်ခွဲမှုအဖွဲ့ဝင် | ရာထူး | ဖုန်းနံပါတ် |
|---|---|---|---|---|---|
| ၁ | ဦးဇော်ဆိုင်း | မရမ်း | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၄၅၇၉၄၇၃၈၂ |
| ၂ | ဦးတန်ဆိုင်း | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၂၅၈၂၇၇၉၁၀ |
| ၃ | ဦးခင်မောင်ထွေး | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၄၅၄၃၃၁၂၁၉ |
| ၄ | ဦးအင်ဒေါင်းလတောင် | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၇၈၄၈၂၇၈၃၇ |
| ၅ | ဒေါ်ဆန်မိုင် | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၇၈၈၆၃၇၅၆၄ |
| ၆ | ဒေါ်ဆပုပ်ခါးဒင် | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၄၀၀၀၂၃၅၉၄ |
| ၇ | ဒေါ်နွေးနွေးအောင် | ။ | ကျေးရွာစေတနာ့ဝန်ထမ်း | - | ၀၉-၄၅၅၁၅၅၃၀၁ |

## ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| ***လမ်းညွှန်ချက်။*** ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် ဦးဇော်ခွန်း | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09 452017078 | လူထုစည်းရုံးရေးမှူး၏ အမည် ဒေါ်သီတာစိုး |

| | | | |
|---|---|---|---|
| ပြည်နယ်- ကချင် | မြို့နယ်- မိုးကောင်း | ကျေးရွာအုပ်စု- မရမ်း | ကျေးရွာ- မရမ်း |

**က။ လူဦးရေ** ၄၁၈၂ ဦး

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကချင် | ၅၂၅ | ဘာသာ (၁) ခရစ်ယာန် | ၅၃၂ |
| လူမျိုးစု (၂) ဗမာ | ၆၅ | ဘာသာ (၂) ဗုဒ္ဓ | ၆၈ |
| လူမျိုးစု (၃) ရှမ်း | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ကချင်/ဗမာ/ရှမ်း | ၁၀ | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၆ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၆၀ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၂၀၇၄ | ၂၁၀၈ |
| လူမျိုးစု (၁) ကချင် | ၁၈၈၈ | ၁၉၅၉ |
| လူမျိုးစု (၂) ဗမာ | ၁၇၂ | ၁၃၆ |
| လူမျိုးစု (၃)---------- | | |
| အခြား -ကချင်+ဗမာ+ရှမ်း | ၁၄ | ၁၃ |
| အိမ်ထောင်ဦးစီး | ၄၀၂ | ၁၉၈ |

CDD

## (ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | | အမှတ်ခြစ်ပါ | ကျန်းမာရေး | | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|---|---|---|
| | အထက်တန်းကျောင်း | ☑ | | ဆေးရုံ | ☐ | | စေတီ | ☑ |
| | အလယ်တန်းကျောင်း | ☐ | | ကျန်းမာရေးဌာန | ☑ | | ဘုန်းကြီးကျောင်း | ☑ |
| | မူလတန်းကျောင်း | ☑ | | ကျန်းမာရေးဌာနခွဲ | ☐ | | ဟိန္ဒူဘုရားကျောင်း | ☐ |
| | မူကြိုကျောင်း | ☑ | | ဆေးပေးခန်း | ☐ | | ခရစ်ယာန်ကျောင်း | ☑ |
| | အခြား | ☐ | | အခြား | ☐ | | ဗလီ | ☐ |
| | | | | | | | အခြား | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

## (ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမာရေး | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☑ | ☑ | လက်ထောက်ကျန်းမာရေးမှူး | ☑ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☑ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☑ | ☐ | လျှပ်စစ်ကျွမ်းကျင်မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလု | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

## (ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း　**ကတ္တရာလမ်း**　ကွန်ကရစ်လမ်း　**မော်တော်ဆိုင်ကယ်လမ်း**

**ကျောက်ခင်းလမ်း**　**မြေသားလမ်း**　**လူသွားလမ်း**　အခြား ______________

## (င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်　　ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?　ရှိပါသည်/**မရှိပါ**/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း?　နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား?　ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာအဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်------------------ ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

မိုးရာသီတွင်ကြာချိန်---------------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှေ/မော်တော်ဘုတ်/ အခြား -------------------

**(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑ မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------
(၂) -----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးဆက်ကျော်စွန်း

လက်မှတ် [signature] နေ့စွဲ ၂၀-၃-၂၀၁၇

လူထုစည်းရုံးရေးမှူး အမည် ဒေါ်သီတာစိုး

လက်မှတ် [signature] နေ့စွဲ ၂၀-၃-၂၀၁၇

# ပုံစံ - ၈ - ၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| **လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်ဘိဘိတာရို (CCF) / ဒေါ်ဖြိုးသဉ္ဇာကျော် (TF) | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပါ ✓ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု - မရမ်း | ကျေးရွာ - မရမ်း |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၂၀.၃.၂၀၁၇ | ၂၀.၃.၂၀၁၇ | ၁၀၅ ဦး | ၁၉၉ ဦး | ၃၀၄ ဦး | ၄၃ \| ကချင်-၂၀၇/ဗမာ-၁၉/ကရင်-၁/ ရှမ်း-၃ |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၂၁.၃.၂၀၁၇ | ၂၁.၃.၂၀၁၇ | ၁၀၉ ဦး | ၁၉၁ ဦး | ၃၀၀ ဦး | ၄၃ \| ကချင်-၂၆၃/ဗမာ-၃၅/ကရင်-၁/ ရှမ်း-၁ |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၁.၃.၂၀၁၇ | ၂၁.၃.၂၀၁၇ | ၁၀၉ ဦး | ၁၉၁ ဦး | ၃၀၀ ဦး | ၄၃ \| ကချင်-၂၆၃/ဗမာ-၃၅/ကရင်-၁/ ရှမ်း-၁ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၂၇.၄.၂၀၁၇ | ၂၇.၄.၂၀၁၇ | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | ၂၈.၄.၂၀၁၇ | ၂၈.၄.၂၀၁၇ | ၁၀ ဦး | ၄ ဦး | ၁၄ ဦး | ၂၃ \| ကချင် -၁၃ \| ဗမာ -၁ |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၇.၆.၂၀၁၇ | ၇.၆.၂၀၁၇ | ၅ ဦး | ၄ ဦး | ၉ ဦး | ၂၃ ကချင်-၈ ဗမာ-၁ |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | ၇.၆.၂၀၁၇ | ၇.၆.၂၀၁၇ | ၅ ဦး | ၄ ဦး | ၉ ဦး | ၂၃ \| ကချင်-၈ \| ဗမာ-၁ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၇.၆.၂၀၁၇ | ၁၃.၆.၂၀၁၇ | ၅ ဦး | ၄ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၁၀.၆.၂၀၁၇ | ၁၀.၆.၂၀၁၇ | ၆ ဦး | ၃ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၀.၆.၂၀၁၇ | ၁၀.၆.၂၀၁၇ | ၆ ဦး | ၃ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၉.၆.၂၀၁၇ | ၁၉.၆.၂၀၁၇ | ၅ ဦး | ၄ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၂၁.၆.၂၀၁၇ | ၂၁.၆.၂၀၁၇ | ၆ ဦး | ၃ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၂၆.၆.၂၀၁၇ | ၂၆.၆.၂၀၁၇ | ၆ ဦး | ၃ ဦး | ၉ ဦး | ၂ရ | ကချင် - ၈ ဦး<br>ဗမာ - ၁ ဦး |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | | |

CDD

## ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | |
|---|---|
| ***လမ်းညွှန်ချက်။*** အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် - ဒေါ်သီတာစိုး | |
| နေ့စွဲ - ၂၁-၃-၂၀၁၇ | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း - ကချင် / မြို့နယ် - မိုးကောင်း | ကျေးရွာအုပ်စု - မရမ်း / ကျေးရွာ - မရမ်း |

**က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း** - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | **အမျိုးသား** အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | **အမျိုးသမီး** အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | လျှပ်စစ်မီး မလုံလောက်မှု အခက်အခဲ ဖြစ်ခြင်း | ၁ | လျှပ်စစ်မီးမလုံလောက်မှု အခက်အခဲ ဖြစ်နေ |
| ၂ | ရွာတွင်းလမ်း ဖုန်ထူ၍ သွားလာမှုတွင် အခက်အခဲခြင်း။ | ၂ | ရွာတွင်းလမ်း [illegible] ဖုန်များသော ကြောင့် သွားလာရခက်ခဲ |
| ၃ | တံတား မခိုင်ခံ့မှု သွားလာရခက်ခဲ | ၃ | ကျောင်းဝင်းမလုံခြုံမှု [illegible] တံတိုင်း ခတ်ထားရန် |
| ၄ | ကျောင်းခြံစည်းရိုး မလုံခြုံမှု ကလေးများ ခက်ခဲ | ၄ | ဈေးခြံစည်းရိုး ပျက်စီးနေမှု အခက်အခဲ ဖြစ်နေ |
| ၅ | ကျောင်းများ [illegible] ပျက်စီးသော ကြောင့် ကလေးများ အန္တရာယ် ဖြစ်နိုင် | ၅ | တံတား ခဏခဏ ပြတ်တောက်၍ သွားလာရ ခက်ခဲနေ |

**ခ။ မျှော်မှန်းခြင်း** - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| | **အမျိုးသား**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | **အမျိုးသမီး**အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | တစ်ရွာလုံး မီးလင်းစေရန် | ၁ | တစ်ရွာလုံး လျှပ်စစ်မီး လုံလောက်စွာ ရရှိရန် |
| ၂ | သွားလာရ လွယ်ကူစေရန် | ၂ | သွားလာရ အဆင်ပြေစေရန် |
| ၃ | လမ်းကောင်း ဆက်သွယ်ရေး အဆင်ပြေစေရန် | ၃ | ကျောင်းဝင်း အတွင်း လုံခြုံမှုရှိစေရန် |
| ၄ | ကျောင်းခြံစည်းရိုး လုံခြုံစေရန် / ကျွဲ နွား များ မဝင်စေရန် | ၄ | ဈေးခြံစည်းရိုး လုံခြုံမှုရှိစေရန် |
| ၅ | ကျောင်းသူ/သား များ လုံခြုံစွာဖြင့် ပညာ သင်ကြားနိုင်ရန် | ၅ | သွားလာရ အဆင်ပြေစေရန် |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | လမ်းမီးတိုင်တိုးချဲ့ရေး | အမျိုးသမီး/အမျိုးသား | | |
| ၂ | ရွာတွင်းလမ်း (ကျောက်ချောလမ်း) ခင်းရန် | 〃 | | |
| ၃ | ကျန်းမာရေးတိုက်တာ ပြုပြင်ရေး [illegible] | 〃 | | |
| ၄ | ဈေးခြံစည်းရိုး (အုတ်တံတိုင်း) | 〃 | | |
| ၅ | ကျောင်းခြံစည်းရိုး (အုတ်တံတိုင်း) | 〃 | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၄) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | [illegible] | အမျိုးသမီး/အမျိုးသား | |
| ၂ | [illegible] | 〃 | |
| ၃ | English စာပေ [illegible] | 〃 | |
| ၄ | အမျိုးသမီး [illegible] | 〃 | |
| ၅ | [illegible] | အမျိုးသား | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] လက်မှတ် [signature] နေ့စွဲ 21-3-2017

ပုံစံ - ၈ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

| | | | |
|---|---|---|---|
| ***လမ်းညွှန်ချက်။*** စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ်ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။ | | | |
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦးသန်းဇင်(CF)/ဒေါ်ဖြူ:သဉ္ဇာကျော်(TF) | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☑စက်ဝန်း(၁) ☐စက်ဝန်း(၂) ☐စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် မိုးကောင်း | ကျေးရွာအုပ်စု မရမ်း | |

| ကျေးရွာအမည် | ဆောင်ရွက်မည့် လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက် အကျိုးခံစားခွင့် ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှ ထည့်ဝင်မှု | ကျေးရွာမှ ထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖော်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| မရမ်း | ဓါတ်အားလိုင်း တိုးချဲ့သွယ် တန်းခြင်း | ၉၀၀၀ပေ | 4182 | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 36,900,000 | | | | |
| မာရမ်း | [illegible] RC slab [illegible] | 2'x10'x4'-6", 300'x8'x6" | 4182 | ☐ ကျား<br>☐ မ<br>☑ ကျား+ မ | 3,186,840 | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | | |
| | | | | ☐ ကျား | | | | | |

၃၄

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| | | | | ☐ ကျား<br>☐ မ<br>☐ ကျား+ မ | | | | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ အမည် လက်မှတ် ရက်စွဲ

ဒေါ်ရူအောင် [signature] ၃၁.၃.2017

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၁ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၂၀.၃.၂၀၁၇ (တနင်္လာနေ့)

အစည်းအဝေးကျင်းပသည့်နေရာ - စာသင်ကျောင်း (မရမ်းကျေးရွာ)

အစည်းအဝေးကျင်းပသည့်အချိန် - ၁၀:၀၀ မှ ၅:၀၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၁၀၈ ဦး / မ ၁၉၆

စုစုပေါင်း ၃၀၄ ဦး (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ လူထုဗဟိုပြုစီမံကိန်း၏ မိတ်ဆက်၊ စီမံကိန်းလက်ဝန်း၊ အစီအစဉ်တာဝန်ရှိသူများ၏ အခန်းကဏ္ဍ နှင့် တာဝန်ဝတ္တရား ရွေးချယ်ခြင်း၊ လူထုအားလုံးပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းအား ပြုလုပ်ခြင်း။

ဆွေးနွေးချက် ။ ။ ပထမအကြိမ်ကျေးရွာအစည်းအဝေးကို မရမ်းကျေးရွာတွင် နံနက် (၁၀:၀၀) နာရီမှ စတင်ခဲ့ရာတွင် မရမ်းရပ်ချမ်းသာရေးမှူးမှ အဖွင့်အမှာစကား ပြောကြားပြီး ဦးဆောင်ပြုလုပ်ကျေးရွာဆောင်ခဲ့သဖြင့် မြို့နယ် [illegible] ဦးစီးမှူး ဦး[illegible] နှင့် လူထုဗဟိုပြုစီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းမိတ်ဆက်ခဲ့ပါသည်။ ထို့နောက် မရမ်းကျေးရွာ တာဝန်ခံ လူထုစည်းရုံးရေးမှူး ဒေါ်ခင်[illegible]မှ စီမံကိန်းမိတ်ဆက်ခြင်း၊ စီမံကိန်းလက်ကိုင်နှင့် အစီအစဉ်တာဝန်ရှိသူများ၏ အခန်းကဏ္ဍအပါအဝင် တာဝန်ဝတ္တရား ရွေးချယ်ခြင်းများကို ပြုလုပ်၍ နေ့လယ် (၁၂:၀၀) နာရီတွင် အစည်းအဝေးပထမပိုင်းကို ရပ်နားလိုက်ပါသည်။

အစည်းအဝေး ဒုတိယပိုင်းကို နေ့လယ် (၁:၀၀) နာရီတွင် စတင်ခဲ့ရာ လူထုအားလုံးပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းများကို အဖွဲ့များခွဲ၍ ပြုလုပ်ခဲ့ပြီး ညနေ (၅:၀၀) နာရီ အချိန်တွင် ပထမအကြိမ်အစည်းအဝေးကို ရပ်နားလိုက်ပါသည်။

CDD

ဆုံးဖြတ်ချက်။ ။ အစည်းအဝေး ပထမပိုင်းတွင် မိတ်ဆက်ခြင်း၊ ရည်ရွယ်ချက်၊ အစီအစဉ် တာဝန်ရှိသူများ၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ကော်မတီဝင်ရွေးချယ်ရာတွင် အလုံးကျေးရွာတွင် ရပ်ကွက်(၅)ခုရှိ၍ ကော်မတီဝင်(၅)ဦးအား မဲပေးခြင်းဖြင့် ဆုံးဖြတ်၍ ရွေးချယ်ခဲ့ပါသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် ပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းကို အပိုင်း(၃)ပိုင်းဖြင့် ပြုလုပ်ရာတွင် လူမှုရေးနှင့်အခြေခံအဆောက်အဦ မြေပုံ၊ သမိုင်းကြောင်းပြဇယား၊ အဆင့်သတ်မှတ်ချက်၊ ဝင်ငွေသုံးသပ်ခြင်း၊ ပစ္စုပ္ပန်၊ ရာသီအလိုက်ပြက္ခဒိန် နှင့် ဗဟိုပုံ သဘာဝ(PRA Tools)များကို အသုံးပြု၍ ကျေးရွာလူထုအားလုံးကို ပါဝင်စေပါသည်။ အစည်းအဝေးသို့ အမျိုးသား ဦးရေ(၁၀၅)ဦး နှင့် အမျိုးသမီး ဦးရေ(၁၉၉)ဦး၊ စုစုပေါင်း (၃၀၄)ဦး တက်ရောက်ခဲ့ကြပြီး ပထမဆင့်ကျေးရွာအစည်းအဝေးအား ညနေ (၅:၀၀) နာရီတွင် ရုပ်သိမ်းပြီးဆုံးပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - ဒေါ်ဘိဘိစိုး (CF)



၃၇

CDD

# အစည်းအဝေးမှတ်တမ်း

အစည်းအဝေးအမှတ်စဉ် - ၂ / ၂၀၁၇

အစည်းအဝေးကျင်းပသည့်ရက် - ၂၀.၃.၂၀၁၇

အစည်းအဝေးကျင်းပသည့်နေရာ - ဓာတ္တဥစကျောင်း (မရုမ်းကျေးရွာ)

အစည်းအဝေးကျင်းပသည့်အချိန် - ၁၀:၀၀ မှ ၅:၀၀ ထိ

အစည်းအဝေးတက်ရောက်သူဦးရေ - ကျား ၁၀၉ ဦး / မ ၁၉၁ ဦး

စုစုပေါင်း ၃၀၀ ဦး (ဦး)

အစည်းအဝေးပြုလုပ်ရသည့်ရည်ရွယ်ချက်။ ။ မူလဗဟိုပြုစီမံကိန်း၏ ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသားများ/အမျိုးသမီးများ၏ ပြဿနာအခက်အခဲ၊ အကျိုးဝင်လုပ်ငန်းနှင့် အကျိုးမဝင်လုပ်ငန်းများ ရှင်းပြခြင်း၊ ကျေးရွာစီမံခန့်ခွဲရေးအဖွဲ့ ရွေးချယ်ခြင်း ။

ဆွေးနွေးချက် ။ ။ ဒုတိယအကြိမ်အစည်းအဝေး ပထမပိုင်းကို (၁၀:၀၀) နာရီတွင် စတင်ပြုလုပ်ခဲ့ရာ ပထမပိုင်း၌ အနေနှင့် အမျိုးသား/သမီးများ၏ ပြဿနာအခက်အခဲများကို အဖွဲ့ခွဲ၍ ဆွေးနွေးပြီး VDP နှင့် အကျိုးဝင်လုပ်ငန်း၊ အကျိုးမဝင်လုပ်ငန်းများကို ရှင်းပြ၍ နောက်တွင် မဲစနစ်ဖြင့် စီမံကိန်းလုပ်ငန်းခွဲများကို ရွေးချယ်ခဲ့ပါသည်။ ထို့နောက် အစည်းအဝေး ပထမပိုင်းကို နေ့လည် (၁၂:၀၀) နာရီတွင် ရပ်နားခဲ့ကြပါသည်။

အစည်းအဝေး ဒုတိယပိုင်းကို နေ့လည် (၁:၀၀) နာရီတွင် စတင်ပြုလုပ်ရာ ပထမဦးစွာ ကျေးရွာစီမံခန့်ခွဲရေးကော်မတီဝင်များကို ကြေညာအပြီး မဲစနစ်ဖြင့် ကျေးရွာသားအများ ရွေးချယ်ခဲ့ကြပါသည်။ အစည်းအဝေး၏ ဒုတိယပိုင်းကို ညနေ (၅:၀၀) နာရီအချိန်တွင် ရပ်နားခဲ့ကြပါသည်။

ဆုံးဖြတ်ချက်။ ။ အစည်းအဝေး ဆုံးဖြတ်ချက်တွင် အမျိုးသား/သမီး အခက်အခဲပြဿနာများ၊ ဖော်ထုတ်ချက်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အဖွဲ့ခွဲ၍ ရွေးချယ်ပြီး ကျေးရွာလူထုမှ ဖြစ်လာသင့်ကြောင်းသည်။ ထို့နောက် အကျုံးဝင်/မဝင်လုပ်ငန်းများကို ရှင်းလင်းပြီး ကျေးရွာလူထုအား ဦးစားပေးလုပ်ငန်းများကို မဲပေး၍ ရွေးချယ်ခဲ့ရာတွင် ပထမဦးစားပေးအနေဖြင့် ကျေးရွာတွင်း မီးတိုင်များမရှိသောကြောင့် မီးတိုင်များရရှိရန်၊ ဒုတိယဦးစားပေးအနေဖြင့် ရွာတွင်းလမ်းအား ကျောက်ချောလမ်းခင်းရန်၊ တတိယဦးစားပေးအနေဖြင့် ကွန်ကရစ်တံတားအား ပြုလုပ်ပေးပါရန်၊ စတုတ္ထဦးစားပေးအနေဖြင့် ဘုံသင်္ချိုင်းအား ကျောက်တံတိုင်းဖြင့် ကာရံပေးပါရန် အစရှိသဖြင့် လုပ်ငန်းခွဲများ ရွေးချယ်ခဲ့ပါသည်။ ထို့နောက် ကျေးရွာ ကော်မတီဝင်များ ရွေးချယ်ခဲ့ရာတွင် ကျားမ အချိုးကျ မဲခန့်ဖြင့် အများသဘောတူ ရွေးချယ်ခဲ့ရာ ကော်မတီဝင်စုစုပေါင်း (၁၄) ယောက်အား ရွေးချယ်၍ အတည်ပြုပေးလိုက်ပါသည်။ ဘဏ္ဍာရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ကော်မတီဝင်များအား အမှာစကားပြောကြားပြီး အစည်းအဝေးကို ၁၁း၄၅ (မွန်း၀၀) နာရီအချိန်တွင် ရုပ်သိမ်းလိုက်ပါသည်။

မှတ်တမ်းတင်သူ

လက်မှတ် - [signature]

အမည် - ဒေါ်ဝါဝါအောင် (CF)

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

**အနှစ်ချုပ်**

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ဓါတ်အားလိုင်းတိုးချဲ့ သွယ်တန်းခြင်း | ☑ မ ☑ ကျား | | |
| | ၂ | ရွာတွင်းလမ်းများ ပြုပြင်ခြင်း | ☑ မ ☑ ကျား | | |
| | ၃ | ကွန်ကရစ်တံတား များဆောက်လုပ်ခြင်း | ☑ မ ☑ ကျား | | |
| | ၄ | ကျောင်းခြံစည်းရိုး (ကွန်ကရစ်တံတိုင်း) | ☑ မ ☑ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | အလုပ်အကိုင်အခွင့်အလမ်း ရရှိရန် | ☑ မ ☐ ကျား | | |
| | ၂ | အိမ်တွင်းမှုအသေး စားလုပ်ငန်း | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | [illegible] ရရှိရန် | ☑ မ ☐ ကျား | | |
| | ၂ | English ဆရာမကောင်း ကောင်း ရရှိရန် | ☑ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

| | | | | | |
|---|---|---|---|---|---|
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |
| အခြား | ၁ | အာမရှိ၊ သမီး နွစ်း<br>အောင်ရဥ်မြင့်တင်ရှင် | ☑ မ<br>☐ ကျား | | |
| | ၂ | | ☐ မ<br>☐ ကျား | | |
| | ၃ | | ☐ မ<br>☐ ကျား | | |
| | ၄ | | ☐ မ<br>☐ ကျား | | |
| | ၅ | | ☐ မ<br>☐ ကျား | | |